MYA AYER™

Group of Companies

Annual Report
(Apr'2022 to Mar'2023)
Burmese Version

## *မာတိကာ*

- လုပ်ငန်းမိတ်ဆက်
- ဥက္ကဋ္ဌကြီး၏ အမှာစကား
- အုပ်ချုပ်မှုဒါရိုက်တာ၏အမှာစကား
- ဘုတ်အဖွဲ့အချက်အလက်များ
- ဆုံးရှုံးနိုင်ခြင်းများအတွက်ကြိုတင်စီမံခန့်ခွဲခြင်း
- စဉ်ဆက်မပြတ်တိုးတက်နေရေး နည်းဗျူဟာ
- ကော်ပိုရေးရှင်း၏အခြေအနေပြအညွှန်းကိန်းများ
- ဌာနအလိုက်လုပ်ငန်းပြီးစီးဆောင်ရွက်မှုများ (ဧပြီလ ၂၀၂၂ မှ မတ်လ ၂၀၂၃)

# လုပ်ငန်းမိတ်ဆက်

မြန်မာနိုင်ငံသားပိုင် မိသားစုလုပ်ငန်းဖြစ်တဲ့ မြရောကို ၁၉၈၆ ခုနစ်မှာ ခေါင်းလိမ်းအုန်းဆီ ရောင်းချခြင်းလုပ်ငန်းနဲ့ စတင်ခဲ့ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းတိုးတက်အောင်မြင်ပြီး ရေရှည်တည်တံ့ခိုင်မြဲရုံသာမက တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး အားလုံးပါဝင်နိုင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ဖို့ မြရောအနေနဲ့ အများကြီး ကြိုးစားအားထုတ်ခဲ့ရပါသည်။

၂၀၁၂ ခုနစ်မှာ မြရောရဲ့လက်ရှိ ပဲ့ကိုင်ရှင်ဖြစ်သည့် ဦးရဲထွဋ်ထိပ်ဟာ ဝန်ထမ်း ၁၅ ယောက်နဲ့ ထုတ်ကုန်တစ်မျိုးသာရှိတဲ့ မိသားစုလုပ်ငန်းကို ဆယ်နှစ်အတွင်းမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျနဲ့အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ခဲ့ပြီး မြန်မာပြည်တွင် ပထမဆုံး အော်ဂဲနစ် အတည်ပြုလက်မှတ်ရ အထူးသန့်စင်ဆေးအုန်းဆီ၊ အုန်းဂျုံမှုန့်၊ အုန်းရေရှာလကာရည်၊ အုန်းသားခြောက်၊ အုန်းနို့ စတဲ့ တန်ဖိုးမြင့် အုန်းသီးထုတ်ကုန်များနှင့် အခြားထုတ်ကုန် စုစုပေါင်း အမျိုး ၂၀ ကျော်ကို ပြည်တွင်းပြည်ပသို့ ထုတ်လုပ်ရောင်းချလျက် ဝန်ထမ်း ၂၀၀ ကျော်ကို အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ခဲ့ပြီး ကုမ္ပဏီရဲ့ ရောင်းအားကိုလည်း လေးဆကျော် မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

## CORPORATE STRUCTURE



မြဧရာရဲ့ဖွံ့ဖြိုးမှုလမ်းကြောင်းတွင် ကုန်ထုတ်လုပ်မှုကွင်းဆက်အတွင်းရှိ အခြားပစ္စည်းထောက်ပံ့သည့် လုပ်ငန်းငယ်လေးများကိုလည်း ဖြစ်ပေါ်စေခဲ့ပြီး စီးပွားရေးအခွင့်အလမ်းများဖန်တီးပေးနိုင်ခဲ့တာဖြစ်ပါသည်။

ဒါ့အပြင် အုန်းခြံတောင်သူ စုစုပေါင်း ၂၄၀၀ ကျော်ကို အမေရိကန်၊ ဥရောပ၊ ဂျပန် စသည့် ကမ္ဘာ့အသိအမှတ်ပြု အော်ဂဲနစ်အတည်ပြုလက်မှတ်များရယူပေးခဲ့ပြီး အုန်းခြံတွင်း ဂျင်း၊ နနွင်းစတဲ့ သီးထပ်၊ သီးညှပ်များစိုက်ပျိုးခြင်းအတွက် နည်းပညာများဖြန့်ဖြူးပေးခြင်း၊ ဈေးကွက်တည်ဆောက်ပေးခြင်းဖြင့် အားလုံးပါဝင်နိုင်တဲ့ စီးပွားရေးအခွင့်အလမ်းများကိုလည်း ဖန်တီးပြီး ဝင်ငွေတိုးတက်စေနိုင်ခဲ့ပါသည်။

လူသုံးကုန်၊ စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းများလုပ်ကိုင်ရာမှာ စားသုံးသူအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေဖို့အတွက် စက်ရုံများကို အဆင့်မြင့်တင်ပြီး အစားအသောက်ဘေးကင်းလုံခြုံရေး စံချိန်စံညွှန်းများဖြစ်တဲ့ ISO 22000, GMP, HACCP အတည်ပြုချက်လက်မှတ်များကိုလည်း အောင်မြင်စွာ ရယူနိုင်ခဲ့တာဖြစ်ပါသည်။

သဘာဝအော်ဂဲနစ်ထုတ်ကုန်များ ထုတ်လုပ်ပေးသည့်အတွက်လည်း စားသုံးသူပြည်သူများကို ဘေးဥပဒ် ကင်းရှင်းပြီး ကျန်းမာစေပါသည်။

ယခုအခါမှာတော့ မြဧရာကုန်ထုတ်လုပ်မှု ကုမ္ပဏီဟာဆိုရင် အမိမြန်မာနိုင်ငံ၏ အုန်းသီးနှင့်သက်ဆိုင်သော ကုန်ထုတ်လုပ်မှု ကဏ္ဍကို နည်းပညာ၊ အရည်အသွေး၊ ဖန်တီးတီထွင်မှု၊ ဈေးကွက်ဝေစုရရှိမှု စသည့် ကဏ္ဍများတွင် ရှေ့ဆုံးမှ ဦးဆောင်နိုင်ရုံသာမက ဂုဏ်ယူစရာ မြန်မာ့ထုတ်ကုန်များပြည်ပဈေးကွက်ရရှိရေးကိုလည်း ရွတ်ရွတ်ချွန်ချွန်လမ်းဖောက်လျက်ရှိပါသည်။

အုန်းသီးတစ်လုံးလုံး အသုံးချခြင်းဖြင့် စွန့်ပစ်ပစ္စည်းမထွက်လာစေတဲ့ ဒုတိယမြောက်စက်ရုံဖြစ်တဲ့ မာန်အောင်ရတနာစက်ရုံကိုတော့ ရခိုင်ပြည်နယ် ရင်းနှီးမြုပ်နှံမှုကော်မရှင်ရဲ့ခွင့်ပြုချက်နဲ့ ဒေသဖွံ့ဖြိုးမှု နည်းပါးပြီး ကုန်ကြမ်းပေါများတဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်ကျွန်းမြို့နယ်မှာ ရင်းနှီးမြုပ်နံထားပါတယ်။ အဆိုပါ မာန်အောင်ရတနာ စီမံကိန်းဟာ သဘာဝ ပါတ်ဝန်းကျင်ကို မထိခိုက်စေဘဲ  ရန်ကုန်စက်ရုံများနည်းတူ နေရောင်ခြည်စွမ်းအင်နဲ့ စက်ရုံလည်ပတ်မှာဖြစ်ပြီး ဒေသခံ ၂၀၀ ကျော်ကို အလုပ်အကိုင် ဖန်တီးပေးရုံသာမက ဒေသခံ အုန်းခြံတောင်သူများကို ဝင်ငွေတိုးတက်ရရှိစေမှာဖြစ်ပါတယ်။

မြဧရာကုမ္ပဏီလုပ်ငန်းစုဟာ မြဧရာဖောင်ဒေးရှင်းကိုလည်း တည်ထောင်ထားပြီး ဒဂုံတက္ကသိုလ် သုတေသနရုံပုံငွေထောက်ပံ့ခြင်း၊ ပညာသင်ဆုများပေးအပ်ခြင်း၊ မိဘမဲ့ကလေးကျောင်းများ၊ ကုသိုလ်ဖြစ်ဆေးခန်းနဲ့ ကင်ဆာဖောင်ဒေးရှင်းများကို လစဉ်လှူဒါန်းထောက်ပံ့လျက်ရှိပြီး စီးပွားရေးတွင်သာမက ဖန်တီးတီထွင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ အားလုံးပါဝင်နိုင်သောစီးပွားရေး စသည့်နယ်ပယ် ကဏ္ဍများတွင် အားကျအတုယူဖွယ် ရှေ့ဆောင်လျက်ရှိသော လုပ်ငန်းများထဲမှ တစ်ခုဖြစ်ကြောင်း ပြောကြားလိုပါသည်။

## မြရောလုပ်ငန်းစု၏ ဦးတည်ချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်

### ဦးတည်ချက်

အများလေးစားစံနမူနာဖြစ်ထိုက်သည့် မြန်မာနိုင်ငံသားပိုင် ကော်ပိုရေးရှင်းတစ်ခုဖြစ်လာစေရန်။

### ရည်မှန်းချက်

၂၀၁၇ နှစ်မှစတင်ပြီး ၁၀ နှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၀ မီလျံရောင်းအားရရှိစေရန်။

### လုပ်ငန်းတာဝန်

မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်သည့်လုပ်ငန်းအခွင့်အလန်းများဖန်တီးပြီး
တိုင်းပြည်စဉ်ဆက်မပြတ်တိုးတက်ရေးအတွက် တဖက်တလှမ်းမှ အထောက်အကူပြုပေးနိုင်စေရန်။

# နည်းဗျူဟာ




# တန်ဖိုးထားမှုများ

MYA AYER Group of Companies

## တာဝန်ယူမှု၊တာဝန်ခံမှု

လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို လေးစားဂရုစိုက်သည့်အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ တာဝန်ယူ၊ တာဝန်ခံမှုမြင့်မားစွာဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကဏ္ဍများတွင် လူမှုကူညီကယ်ဆယ်ရေးလုပ်ငန်းများအဖြစ် ပါဝင်ပံ့ပိုးလျက်ရှိပါသည်။

## ကျင့်ဝတ်ရှိမှု

တရားမျှတမှုရှိခြင်းကို အဓိကဟု စံသတ်မှတ်ပြီး အဖွဲ့အစည်းကိုတည်ဆောက်ထားခြင်းဖြစ်ပါသည်။ ကျင့်ဝတ်နှင့်ညီသည့် လုပ်ငန်းဆိုင်ရာ စည်းမျဉ်းများနှင့် အလေ့အကျင့်များကို ကျင့်သုံးလိုက်နာလျက်ရှိပါသည်။

## အားလုံးပါဝင်နိုင်သည့်စီးပွားရေးရပ်ဝန်း

ကုန်ပစ္စည်းထောက်ပံ့မှုကွင်းဆက်တွင် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့်နည်းလမ်းများဖြင့် ချိတ်ဆက်ပြီး ဒေသခံများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်စေရေးကိုပါ ထည့်သွင်းထားသည့် စီးပွားရေးဆိုင်ရာမူကိုကျင့်သုံးပါသည်။

ဦးစိုးမြင့်
ဥက္ကဋ္ဌ မြရောကုမ္ပဏီလုပ်ငန်းစု

# ဥက္ကဋ္ဌကြီး၏အမှာစကား

“ မြရောကုမ္ပဏီကို လက်မွန်အစကနေ မဆုတ်တမ်းဇွဲ၊ လုံ့လ၊ ဝီရိယ၊ ဝါယမ တွေနဲ့တည်ထောင်ခဲ့ပါတယ်။ စတင်ခဲ့စဉ်တည်းက ကိုယ်နေထိုင်ရာတိုင်းပြည်နှင့် လူမှုအဖွဲ့အစည်းကို စွမ်းသလောက်ကောင်းတဲ့အရာတွေ မျှဝေပေးနိုင်ဖို့က ဦးစားပေးပဲဖြစ်ပါတယ်။ နှစ်ပေါင်း ၃၅ ကျော်ကြာ အဖက်ဖက်ကစိန်ခေါ်မှုတွေနဲ့ အတက်အကျတွေကိုကျော်ဖြတ်လာပြီးတဲ့နောက် ဘယ်လိုပဲခက်ခဲတဲ့ ကပ်ဘေးနဲ့ မမျှော်လင့်နိုင်တဲ့ ပြောင်းလဲမှုတွေကြားမှာ ကြံ့ကြံ့ခံနိုင်တဲ့အဖွဲ့အစည်းတစ်ခုရပ်တည်နေမယ်ဆိုတာကို အပြည့်အဝယုံကြည်မှုရှိပါတယ်။ ”

# အုပ်ချုပ်မှုဒါရိုက်တာ၏ အမှာစကား

မြရောကုမ္ပဏီလုပ်ငန်းစုတစ်ခုလုံး၏ အုပ်ချုပ်မှုဒါရိုက်တာအနေနဲ့ ၁၀ နှစ်တာ တာဝန်ယူခဲ့တဲ့အချိန်တွေကိုပြန်ကြည့်တဲ့အခါ ကျွန်တော်တို့အားလုံးကအချိန်ကို အကောင်းဆုံးအသုံးချပြီး များပြားတဲ့ပြီးမြောက်စွမ်းဆောင်မှုတွေ၊ မှတ်တိုင်တွေကို တည်ဆောက်ရာမှာ လုပ်ငန်းစုတစ်ခုလုံးအနေနဲ့သာမက အသင်းတစ်ခုချင်းစီက တစ်ဦးတစ်ယောက်ချင်းစီကပါ စွမ်းနိုင်သူတွေလို့ဆိုချင်ပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ် မြရောကုန်ထုတ်လုပ်မှုကုမ္ပဏီရဲ့ MD တစ်ယောက်အနေနဲ့ ဝန်ထမ်းအင်အား ၁၅ ယောက်နဲ့ ထုတ်ကုန်တစ်ခုသာရှိတဲ့ မိသားစုလုပ်ငန်းကနေ ဝန်ထမ်း ၂၅၀ ကျော်နဲ့ ကုန်ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းတွေကို လည်ပတ်နေတဲ့ လုပ်ငန်းစုတစ်ခုအဖြစ် တိုးတက်အောင်စီမံနိုင်ခဲ့ပါတယ်။ ကုန်ထုတ်လုပ်မှုကုမ္ပဏီအနေဖြင့် ယခုအခါမှာ အော်ဂဲနစ်အတည်ပြုလက်မှတ်ရနှင့် အော်ဂဲနစ်စည်းမျည်းများကိုလိုက်နာပြီးထုတ်လုပ်သည့် လူသုံးကုန်၊စားသောက်ကုန် ၂၅ မျိုးကို ထုတ်လုပ်လျက်ရှိပါတယ်။

“အုပ်ချုပ်မှုဒါရိုက်တာတစ်ယောက်အနေနဲ့ အဖွဲ့အစည်းရဲ့ အနာဂါတ်မှာ ဖြစ်ပေါ်လာတဲ့ စိန်ခေါ်မှုတိုင်းအတွက် တည့်မတ်ပေးနိုင်တဲ့၊ ကြံ့ကြံ့ခံရပ်တည်ပေးနိုင်တဲ့ အားကိုးရတဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်။”

## Mr.Ye Htut Htake

- **Managing Director at Mya Ayer Group (Since 2012)**
- **Executive Committee Member at Myanmar Industries Association**
- **Chairman at Football Association South Dagon (FAS)**
- **Founder, Former Chairman & Current Executive Member at Burmese Youth Association, UK**

ကျွန်တော်တို့လုပ်ငန်းစုအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားဖြစ်အုန်းကဏ္ဍ မှာ မတူညီတဲ့ တန်ဖိုးထားမှုတွေ နဲ့ အားလုံးပါဝင်နိုင်သည့်လုပ်ငန်းတစ်ခု ကိုမိတ်ဆက်ပေးနိုင်ခဲ့ပါတယ်။ ကုန်ထုတ်လုပ်တဲ့စက်ရုံတွေအနေနဲ့ ပြန်လည်အသုံးပြုနိုင်တဲ့ နေစွမ်းအင်ကို ၅၀ ရာနှုန်းအသုံးပြုထုတ်လုပ်နေပြီး ISO22000 အသိအမှတ်ပြု စက်ရုံများဖြစ်ပါတယ်။ ဒါ့အပြင်တောင်သူ ၂၅၀၀ ကျော်ရဲ့ အုန်းပင်စိုက်ပျိုးမြေတွေကို အမေရိကန်၊ ဥရောပနဲ့ ဂျပန်နိုင်ငံအသိအမှတ်ပြု အော်ဂဲနစ်လက်မှတ်များကို Control Union မှတဆင့်ရရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒါတင်သာမက ရခိုင်ပြည်နယ်၊မာန်အောင်ကျွန်းတွင်လည်း နေစွမ်းအင်ဖြင့် လည်ပတ်သည့်စက်ရုံကို ဒေသဖွံ့ဖြိုးရေး၊ အားလုံးပါဝင်နိုင်သည့် စီးပွားရေးရပ်ဝန်းတည်ဆောက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် DFID, UKမှ DaNa Facility ၏ထောက်ပံ့ကူညီမှုဖြင့် စက်ရုံတိုးချဲ့တည်ဆောက်ခဲ့ပါတယ်။ ယခုအခါမှာတော့ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံများသို့ စတင်တင်ပို့ ရောင်းချပြီးဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အမျိုးသမီးများဖက်မှရပ်တည်ပြီး သာတူညီမျှဖြစ်မှုကို ယုံကြည်ပါတယ်။ လုပ်ငန်းခွင်အတွင်း အမျိုးသမီး ၅၀ ရာနှုန်းကျော်ကို ညီမျှသည့်ခံစားခွင့်များနှင့်ခန့်အပ်ထားပါတယ်။ အုပ်ချုပ်မှုဒါရိုက်တာ တစ်ယောက် အနေနဲ့ အဖွဲ့အစည်းရဲ့ အနာဂါတ်မှာ ဖြစ်ပေါ်လာတဲ့ စိန်ခေါ်မှုတိုင်းအတွက် တည့်မတ်ပေးနိုင်တဲ့၊ ကြံ့ကြံ့ခံရပ်တည်ပေးနိုင်တဲ့ အားကိုးရတဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်။

လုပ်ငန်းစုအနေဖြင့် ကျွန်တော်တို့အဖွဲ့အစည်းရေရှည်တည်တံ့ခိုင်မြဲရေး၊ နေထိုင်ရာလူမှုဝန်းကျင်အတွက် ကောင်းမွန်တဲ့ရလာဒ်များဖြစ်ထွန်းစေရေးနှင့် တိုင်းပြည်ရဲ့အနာဂါတ်မှာ တန်ဖိုးရှိတဲ့နောက်ဆက်တွဲ ကောင်းကျိုးများဖန်တီးနိုင်ရေးအတွက် အားထုတ်ကြိုးပမ်းမှုကို တန်ဖိုးထားလေးစားပါတယ်။

# Board of Directors Information

## Ownership Structure

| | | | |
|---|---|---|---|
| **U Soe Myint** | **Board Chairman** | **Non-Executive** | **9.17%** |
| U Ye Htut Htake | Managing Director | Executive | 81.7% |
| U Thiha Soe | Director | Executive | 9.17% |

## BOD Structure



# ဆုံးရှုံးနိုင်ခြင်း များအတွက်ကြိုတင်စီမံခန့်ခွဲခြင်း

| | ဆုံးရှုံးမှုနှင့် နောက်ဆက်တွဲများ | ဆုံးရှုံးနိုင်ခြင်းများအတွက် ကြိုတင်စီမံခန့်ခွဲခြင်း |
|---|---|---|
| **ဈေးကွက်** | ဈေးကွက်ဝယ်လိုအားတွက်ဆမှု မှားယွင်းသွားခြင်းသည် ထုတ်လုပ်မှု ကုန်ကျစရိတ်ကို ပိုမိုများပြားစေပြီး ပြန်ရချက် အမြတ်အစွန်း ရလဒ်ကိုလည်း လျော့နည်းစေပါသည်။ | ဈေးကွက် သုတေသနပြုလုပ်ပြီး ဝယ်သူတွေအတွက် တိကျသေချာ တန်ဖိုးရှိသည့် အရောင်းအားတစ်ခု ဖန်တီးပေးနိုင်ဖို့အတွက်လုပ်ဆောင်ခြင်း။ |
| **ကုန်ပစ္စည်းထောက်ပံ့မှုဆိုင်ရာကွင်းဆက်** | 2021 မှာ COVID 19 ကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်ပစ္စည်းထောက်ပံ့မှုကွင်းဆက် နှောင့်နှေးကြန့်ကြာခဲ့ပါသည်။ အဲ့သည့် အကျိုးဆက်ကြောင့် ရှားပါးမှုနှင့် စားသုံးသူတွေရဲ့ နေထိုင်စားသောက်မှု ပုံစံတွေကို ထိခိုက်စေခဲ့ပါသည်။ | လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန်၊ စားသုံးသူများကို ကောင်းမွန်စွာ ဝန်ဆောင်မှုပေးရန်၊ လူမှု အသိုင်းအဝိုင်းများကို ထောက်ပံ့ကူညီရန်နဲ့ အလုပ်သမားကို ပံ့ပိုးကူညီပေးနိုင်ရန်ချက်ချင်း အကောင်အထည်ဖော်နိုင်ရန်အတွက် ကုန်ကျစရိတ်ခွဲခြားစိတ်ဖြာမှုအလေ့အထကို ကျင့်သုံးဆုံးဖြတ်ခြင်း။ |
| **ထုတ်ကုန်** | အရည်အသွေးကို မထိန်းသိမ်းသောကုန်ပစ္စည်း ထုတ်ကုန်များသည် ဈေးကွက်တွင် နေရာမရ ၊ အရောင်းသွက်မည်မဟုတ်ဘဲ များစွာ ဝေဖန်ခံရနိုင်စေပြီး ကုန်ပစ္စည်းပုံရိပ် ကိုထိခိုက်စေနိုင်ပါသည်။ | ထုတ်ကုန်တွေကို စံနှုန်းအတိုင်း ထုတ်လုပ်ကြောင်း သေချာစေရန် ISO 22000 လက်မှတ်တိုးချဲ့မှုကိုလည်း နှစ်စဉ် လုပ်ဆောင်သည့်အပြင် ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး သုတသနနှင့် အရည်အသွေးထိန်းသိမ်းမှုဆိုင်ရာ ဌာနတွေကလည်း စားသုံးသူတွေ လိုအပ်ချက်နှင့် ကိုက်ညီသည့် ကုန်ပစ္စည်းများကို အရည်သွေးမှီစွာ ထုတ်လုပ်ခြင်း။ |
| **ကျော်ကြားမှု ဂုဏ်သတင်း** | လူမှုကွန်ရက်ပေါ်မှ ကျော်ကြားမှုသတင်းများသည် ထုတ်ကုန်ရောင်းချမှုနှင့် လုပ်ငန်း၏ဝင်ငွေအတွက် ကြီးမားသော အဓိက အကျိုးသက်ရောက်မှုကို ဖြစ်စေပါသည်။ | ကျင့်ဝတ်၊ စံချိန် စံနှုန်းများနှင့်အညီ လုပ်ဆောင်ပြီး ပွင့်လင်းပြီးတာဝန်ခံယူမှုရှိသော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်နှစ်စဉ် ပွင့်သစ်စ အစီရင်ခံစာတွင် ပါဝင်ခြင်း။ |
| **လူသားအရင်းမြစ်** | ဝန်ထမ်းတစ်ယောက်ချင်းစီတိုင်းသည် လုပ်ငန်း၏ အလုပ်လုပ်ပုံ၊ ဝန်ဆောင်မှု ပေးခြင်းနှင့် လူထု ထိတွေ့ဆက်ဆံမှုတို့ကို တာဝန်ယူ ကိုယ်စားပြုသူများဖြစ်ကြပါသည်။ | သက်ဆိုင်ရာဝန်ထမ်းတွေကို လိုအပ်တဲ့ သင်ကြားပေးမှုများနှင့် လုပ်ငန်းခွင်တွင်း တက်ကြွအဆင်ပြေစေရန်အတွက်လိုအပ်သည့် အကျိုးခံစားခွင့်များ ပေးအပ်ခြင်း။ |
| **တိုင်ကြားချက်** | ထုတ်ကုန်နှင့် ဝန်ဆောင်မှုဌာနတွေနဲ့ ပက်သက်ပြီး တိုင်ကြားချက်တွေ ရှိတတ်ပါသည်။ | လုပ်ငန်း စီမံခန့်ခွဲသူများအနေဖြင့် ထို တိုင်ကြားမှု ပြဿနာများကို သေချာ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည်နှင့်အညီ ထိုတိုင်ကြားမှုများအတွက် ထိရောက်သည့် လုပ်ဆောင်မှုများ၊ ထပ်မံ လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ခြင်း။ |
| **ဘေးကင်းစိတ်ချရမှု** | ဘေးကင်းစိတ်ချရမှု မရှိခြင်းသည် သုံးစွဲသူအပေါ် မှန်းဆမရနိုင်သော သက်ရောက်မှုများစွာ ရှိနိုင်ပါသည်။ | ဒါကြောင့် ကျွန်ုပ်တို့သည် ထုတ်လုပ်မှု အဆင့်ဆင့်တိုင်းတွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီ အရည်အသွေးမြင့်မားစွာ ထုတ်လုပ်ထားခြင်း။ |

*The implementation of risk management is constantly monitored and evaluated by BOD and is reviewed quarterly during the BOD meeting.

# ရေရှည်တည်တံ့ခိုင်မြဲရေး နည်းဗျူဟာ

**အကျိုးခံစားခွင့်နှင့် ကုန်ကျစရိတ်များ ခွဲဝေမှုကို ထည့်သွင်းစဉ်းစားခြင်း -** ငွေကြေးဆိုင်ရာတွက်ခြေကိုက်စေရန်အတွက် ကုန်ကျစားရိတ်များကိုခွဲခြားစိတ်ဖြာပြီး အစီအစဉ်ကျနသည့် လုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်များဆောင်ရွက်ခြင်း။

**ရလဒ်အားလုံးကို ရှင်းရှင်းလင်းလင်းနှင့် ထိထိရောက်ရောက်ဖြစ်စေခြင်း -** ယုံကြည်မှုနှင့် ရလာဒ်ကိုရရှိခိုင်မာစေရန်အတွက် ရုံးတွင်း၊ရုံးပြင်ပတွင် ရှင်းလင်းထိရောက်သည့် ဆက်သွယ်မှုများ၊ သတင်းအချက်အလက်နှင့် အကြံဉာဏ်ဖလှယ်မှုများကို သဘောတူညီမှုမရှိဘဲ ပြန်လည်ထုတ်ပြန်မျှဝေခြင်းမပြုရသည့်လုပ်ဆောင်ချက်ကိုပြဋ္ဌာန်းခြင်း။

**ဆုံးရှုံးနိုင်ခြေနှင့် မသေချာမရေရာမှုကို ထည့်တွက်ခြင်း -** မည်သည့်လုပ်ငန်းတွင်မဆို ကြုံတွေ့နိုင်ရသည့် တိုင်းတာနိုင်သည့် ဆုံးရှုံးနိုင်ခြေနှင့် မရေရာသည့် သဘာဝဘေးအန္တရာယ်၊ အကြပ်အတည်းနှင့် နိုင်ငံရေးဆိုင်ရာပြောင်းလဲမှုကြောင့်ဖြစ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများအတွက် လုပ်ငန်းအစီအစဉ်ကို ကြိုတင်ပြင်ဆင်ထားခြင်း။

**စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရလဒ်များ-** ပိုမိုကောင်းမွန်သည့် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရလဒ်များဖြစ်ထွန်းလာစေရန်အတွက် ကုန်ပစ္စည်းဝယ်ယူ၊ထုတ်လုပ်၊ဖြန့်ချီမှုအဆင့်တိုင်းတွင် ဗျူဟာပိုင်းဆိုင်ရာတိုးတက်မှု၊ အကျိုးသက်ရောက်မှုဆိုင်ရာစီမံခန့်ခွဲမှုနှင့် ဆုံးရှုံးနိုင်ခြေတွက်ချက်မှုတို့ဖြင့် ပုံမှန်စောင့်ကြည့်စီမံခြင်း။

**လုပ်ငန်းပိုင်းနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်ခြင်း -** ရလာဒ်ကောင်းများဖြစ်ပေါ်လာစေရေးအတွက် ကုန်ထုတ်လုပ်မှုဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ဝန်ထမ်းရွေးချယ်မှုဆိုင်ရာ၊ သုတေသနနှင့် ကုန်ပစ္စည်းအဝယ်ပိုင်းဆိုင်ရာများတွင် အတွေ့အကြုံရှိ ကျွမ်းကျင်သူများနှင့် ဆက်သွယ်ဆောင်ရွက်ပြီး အဖွဲ့အစည်းအတွင်း လိုအပ်သည့် ဥပဒေ၊ မူဝါဒကျင့်ထုံးများ၊ စံချိန်စံညွှန်းများနှင့် အကောင်းဆုံးအလေ့အကျင့်များကို တည်ဆောက်ခြင်း။

**သက်ရောက်မှုများကို ဘက်စုံ ထည့်သွင်းစဉ်းစားခြင်း-** အဖွဲ့အစည်းအပေါ် စောင့်သိသစ္စာရှိဝန်ထမ်းများ၏ လုပ်ငန်းခွင်အတွင်း ကာယ၊ ဉာဏဆိုင်ရာ လုံခြုံစိတ်ချရမှုအတွက် ဝန်ထမ်းနှင့်တကွ မိသားစုအတွက်ပါ အလုပ်အကိုင်ဖွံ့ဖြိုးရေးနှင့် လူမှုဖူလုံရေးအစီအစဉ်များ ဖော်ဆောင်ပေးခြင်း။

**ပွင့်လင်းမြင်သာမှုဆိုင်ရာ စစ်တမ်းတွင် ပါဝင်ခြင်း-** ကုမ္ပဏီ၏ မျှော်မှန်းချက်နှင့်ကိုက်ညီပြီး သဟဇာတ ပိုဖြစ်စေရန်အတွက် လုပ်ငန်းစုအတွင်းနှင့် ပြင်ပဆက်ဆံရေးများတွင် ပွင့်လင်းမြင်သာစွာဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

# ကော်ပိုရေးရှင်း၏အခြေအနေပြအညွှန်းကိန်းများ

| KPA | Values (Since 2012 to June 2023) | |
|---|---|---|
| Innovation | | |
| - R&D | 322,147,275 MMK | |
| Philanthropy | | |
| - Donation | 432,808,857 MMK | |
| Environmental Responsibility | | |
| - CO2 Emission Reduced | - 161.59 tons | |
| - Standard Coal Saved | - 158.46 tons | |
| - Equivalent trees planted | - 239 | |
| Gender Equality | Male (%) | Female (%) |
| - Total % of male and female | 49 | 51 |
| - % of male and female: office staff | 21 | 17 |
| - % of male and female: factory & operation staff | 28 | 34 |

ဇယားရှင်းလင်းချက်

အထက်ပါအခြေပြညွှန်းကိန်းဇယားတွင်ပါဝင်သော အဓိကလုပ်ဆောင်မှုများကိုတိုင်းထာသည့်တန်ဖိုးများသည် မြရောလုပ်ငန်းစု၏ ၂၀၁၂ ခုနှစ်မှ ဂျွန်လ ၂၀၂၃ အထိ တီထွင်ဆန်းသစ်မှု၊ ပရဟိတ၊ သဘာဝပတ်ဝန်းကျင်နှင့် ကျား၊မ သာတူညီမျှမှုဆိုင်ရာ အခြေအနေများကို တိုင်းတာဖော်ပြထားခြင်းဖြစ်ပါသည်။

# Staff Skill Improvement

**From April 2022 to Mar 2023 – Training**

| Year | Training | On Job/ Off Job | Staff |
|---|---|---|---|
| 2022 | Personal Hygiene, Cleaning & Sanitation Training | ON Job Training | 50 |
| 2023 | GMP, GHP, HACCP, ISO 22000 | Off Job Training | 14 |
| | Total Training Staff | | 64 |

Promotion Staff (Apr'2022 ~ Mar'2023)

Apr'2022 ~ Mar'2023
17 employees

# Research, Development and Quality Control Department: Product development

**From April 2022 to Mar 2023**

| | |
|---|---|
| **April'22- June'22** | RD & QC Department အား ယခုထက်ပို၍ ထုတ်ကုန်အရည်အသွေး စမ်းသပ်စစ်ဆေးမှုများ ပြုနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မှီသော Equipment များ ပိုမိုပံ့ပိုးပေးရန်။ |
| **July'2022- Sept'2022** | ကုမ္ပဏီ၏ ထုတ်ကုန်များအား စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်သော အရည်အသွေးအာမခံချက်များ ရရှိစေရန် အရည်အသွေး၊ အာဟာရတန်ဖိုးနှင့်သက်ဆိုင်သည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများကို တစ်နှစ်တစ်ကြိမ် ပုံမှန်ပြုလုပ်ရန်။ |

# Traditional Sale Department and Modern Sale Department : New Product Introduction

**From April 2022 to Mar 2023**

| | |
|---|---|
| **April'22- June'22** | Modern Sale မှ Supermarket နှင့် Business to Business စသည့် Channel များအား အရောင်း မြှင့်တင်ရန်နှင့် ဈေးကွက်တွင်းရှိ စားသုံးသူများက ကုန်ပစ္စည်းများ၏ အကျိုးကျေးဇူးများနှင့် အသုံးဝင်မှုများ အကြောင်းကို ပိုမိုနားလည်သိရှိစေရန်ရည်ရွယ်၍ Sale Promoter (၁၀) ဦးအား ရန်ကုန်ရုံးချုပ်နှင့် မန္တလေး ရုံးခွဲတို့တွင် ထပ်တိုးခန့်ထားရန်။ |
| **April'22- June'22** | Sale Promoter (၁၀) ဦးအတွက် သက်ဆိုင်ရာ နေရာများအလိုက် Sampling Schedule များရေးဆွဲ၍ ထိရောက်မှုများနှင့် လုပ်ဆောင်ရည်တိုးတက်မှုများအား လစဉ်ပုံမှန် ပြန်လည်သုံးသပ်တင်ပြရန်။ |
| **April'22- June'22** | Traditional Sale ၏ အရောင်းကားလမ်းကြောင်းများ ယခင်ကထက် ချဲ့ထွင်ရန်အတွက် Suzuki-carry ကားသစ် (၁) စီး ထပ်မံဝယ်ယူရန်။ |

# Admin and HR Department

**From April 2022 to Mar 2023**

| | |
|---|---|
| **April’22- June’22** | “COCOHEALTH” Brand ၏ အောက်တွင်ရှိသော Cosmetics ထုတ်ကုန်များဖြစ်သည့် Body Butter, Body Lotion, Night Serum နှင့် Lip Therapy Balm တို့အားလည်းကောင်း၊ “Mya Ayer” Brand ၏ အောက်တွင်ရှိသော Cosmetics ထုတ်ကုန်ဖြစ်သည့် Advanced Hair Oil အားလည်းကောင်း၊ ပြည်တွင်းအသိအမှတ်ပြု FDA လက်မှတ် ရရှိရေးဆက်လက်ဆောင်ရွက်ရန်။ |
| **July’2022- Sept’2022** | ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြှင့်မားလာစေရန်အတွက် Coaching ပေးခြင်း၊ Training ပေးခြင်း၊ စဉ်ဆက်မပြတ် လုပ်ဆောင်မှုစွမ်းရည် အကဲဖြတ်ခြင်းများ ဆက်လက်ဆောင်ရွက်ရန်။။ |
| **July’2022- Sept’2022** | “Nawarat Ayer” ၏ အောက်တွင်ရှိသော Organic Kitchen Product ဖြစ်သည့် Coconut Milk (အုန်းနို့) အားပြည်တွင်းအသိအမှတ်ပြု FDA လက်မှတ် ရရှိရေးဆက်လက်ဆောင်ရွက်ရန်။။ |
| **Oct’2022-Dec’2022** | “ISO 22000 / GMP / GHP / HACCP / Organic” Certificate မရရှိသေးသော Product များအား Certificate ရရှိစေရေးကြိုးပမ်းဆောင်ရွက်ရန်။ |
| **Oct’2022-Dec’2022** | “ISO 22000” နှင့်ပတ်သက်သော အသိပညာဗဟုသုတတိုးပွားစေရေးအတွက် မူလ Food Safety အသင်းဝင်များ နှင့် ယခုထပ်တိုးအသင်းဝင်အသစ်များအား Training ပေးနိုင်ရေးဆက်လက်ဆောင်ရွက်ရန်။ |
| **Oct’2022-Dec’2022** | ဝန်ထမ်းများ၏ တစ်ကိုယ်ရည်သန့်ရှင်းမှု၊ ကျန်းမာရေးအလေ့အထများ ကောင်းမွန်စေရန် ၃လ တစ်ကြိမ် အသိပညာပေးဆွေးနွေးခြင်းများ၊ လိုအပ်ပါက ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ရန်။ |
| **Jan’2023-Mar’2023** | မြရောကုမ္ပဏီရုံးချုပ် နှင့် ရုံးခွဲများရှိ ဝန်ထမ်းများ၏ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ကျန်းမာရေးကောင်းမွန် စေရန် အသိပညာပေးဆွေးနွေးခြင်းများပြုလုပ်ခြင်း၊ မိုးရာသီမတိုင်မီ ရာသီတုပ်ကွေးမဖြစ်ပွားစေရန် ကာကွယ် ဆေး ထိုးနှံပေးခြင်းများဆောင်ရွက်ရန်။ |

# Operation

**From April 2022 to Mar 2023**

| | |
|---|---|
| **July’2022- Sept’2022** | ရောဝတီတိုင်း၊ ဖျာပုံခရိုင်၊ အမာမြို့ရှိ အမာစခန်း (၁) တွင် လက်ရှိလုပ်ငန်းလည်ပတ်ဆဲဖြစ်သော “Coconut Collection Center” အပြင် “Coconut Coir Project” တစ်ခုအား တိုးချဲ့ရန်အတွက် စတင် အကောင်ထည်ဖော်ဆောင်ရွက်ရန်။ |
| **Oct’2022-Dec’2022** | ရောဝတီတိုင်း၊ ဖျာပုံခရိုင်၊ အမာမြို့ရှိ အမာစခန်း (၁) တွင် “Coconut Coir Project” စတင်အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အဆောက်အအုံဆောက်လုပ်ခြင်း နှင့် စက်ပစ္စည်းများစတင်ဝယ်ယူစုဆောင်းခြင်းများဆက်လက်ဆောင်ရွက်ရန်။ |
| **Jan’2023-Mar’2023** | စက်ရုံအတွင်းရှိ ဝန်ထမ်းများအားလုံး Quality Control, Food Safety Control, Efficiency Control, Impression Control (၄) ချက်ကိုလိုက်နာဆောင်ရွက်ရန်။ |
| **Jan’2023-Mar’2023** | မာန်အောင်ရတနာကုမ္ပဏီလီမိတက်တွင် ကုန်ထုတ်လုပ်မှုအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရန် အတွက် အရည်အသွေးပြည့်မှီသောကုန်ကြမ်းများအား ကြိုတင်ဝယ်ယူစုဆောင်းထားရှိရန်။ |

# Production

**From April 2022 to Mar 2023**

| | |
|---|---|
| **July’2022- Sept’2022** | “ISO 22000 / GMP / GHP / HACCP / Organic” စံချိန်စံညွှန်းနဲ့အညီ ထုတ်ကုန်အရည်အသွေး ပိုမိုတိုးတက်ရန် Production Team မှ စဉ်ဆက်မပြတ်အထူးဂရုပြု ဆောင်ရွက်ရန်။ |
| **Oct’2022-Dec’2022** | စက်ရုံတွင်း ကုန်ပစ္စည်းထုတ်လုပ်မှုများအား ရှင်းလင်း၊ တောက်ပ၊ အစီအစဉ်တကျ၊ စံချိန်စံညွှန်းနှင့်အညီ၊ အမြဲတစေ ဖြစ်စေရေး စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်။ |
| **Jan’2023-Mar’2023** | စက်ရုံပြုပြင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ရေမော်တာများအား အသစ်လဲရန်၊ ဆားဗစ်ကန်အား စစ်ဆေး ရန် ၊ ရေမြောင်းများရှင်းလင်းရန်၊ စက်ရုံအတွင်းရှိမီးလုံးများအားအသစ်လဲရန်၊ Solar အခန်းနှင့် ဆီခန်းအား သန့်ရှင်း ရေးပြုလုပ်ရန် နှင့် Deep Cleaning အား ၃ လ ၁ခါ လုပ်ရန် သက်ဆိုင်ရာ Manager များအားတာဝန်ပေးခြင်း။ |
| **Jan’2023-Mar’2023** | MAR တွင် လက်ရှိထုတ်ကုန်အပြင် ထုတ်ကုန်အသစ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။ |

**CONTACT US:**

**Traditional Sale Department**
Phone : +959 730 46817, +959 731 81176,
+959 732 41015

**Modern Sale Department**
Phone : +959 7756 98149, +959 7756 98159
Email : sales@mya-ayer.com

**Admin and HR Department**
Phone : +959 421144724
Email : info@mya-ayer.com

**Procurement Department**
Phone : +959 4211 44727
Phone : +959 732 41015
Email : purchasing@mya-ayer.com

**ADDRESS**
N0.55, Sein Lei Kan Thar Street, Ywar Thar Gyi Industrial Zone, South Dagon T/S, Yangon, Myanmar.

Visit us for more information and updates:

Ayer-coco

Coconut Products
Dedicated website

Mya Ayer Group

Mya Ayer Construction